

# သေးငယ်တဲ့မေတ္တာက ဘယ်လောက်စွမ်းပါသလဲ?

မကြာမီ ပြုလုပ်မယ့် ကျွန်မ ပူးပေါင်း ဦးဆောင်ထားတဲ့ လူငယ် သင်တန်း အတွက် အလှူငွေကောက်ခံဖို့ ၂၀၀၃ခုနှစ်၊ နိုဝင်ဘာမှာ ကျွန်မဟာ ဖင်လန်နိုင်ငံမှာ ရှိနေခဲ့ပါတယ်။ တစ်ဆိုင်ပြီးတစ်ဆိုင်၊ တစ်အိမ်ပြီး တစ်အိမ် ဝင်ထွက်ရင်းနဲ့ တီနိုကို စုတ်ပြတ်နေတဲ့ ဘားဆိုင်တစ်ဆိုင်မှာ တွေ့ရပါတယ်။ ခပ်ဝဝ လူလတ်ပိုင်းဖြစ်နေတဲ့ တီနိုက ကျွန်မ ဝင်လာတဲ့အခါ တံခါးကို ခပ်ပြင်းပြင်း ဆောင့်ပိတ်လိုက်တော့ ဖတ်နေတဲ့ သတင်းစာကနေ မျက်လုံးကိုခွာပြီး ကျွန်မကို ကြည့်ပါတယ်။

ဖောက်သည်မရှိ၊ လူမရှိတဲ့ ဒီဘားဆိုင်လေးရဲ့ ပိုင်ရှင်ဖြစ်ကြောင်း ကျွန်မ ရိပ်မိလိုက်တယ်။ ကျွန်မလည်း ကျွန်မလုပ်နေတဲ့ ကုသိုလ်ဖြစ်အလုပ်ကို ပြောပြဖို့ဟန်ကျပြီလို့ တွေးမိတာပေါ့။ ဒါပေမယ့် ကျွန်မလုပ်ငန်းတွေအကြောင်း စာအုပ်ထဲက စာရွက်သုံးလေးရွက်လောက် စလှန်မိရုံပဲ ရှိသေးတယ်၊ တီနိုက တကယ်လို့ ကျွန်မဟာ တစ်ခုခုရောင်းဖို့ ရောက်လာတယ်ဆိုရင် သူ့မှာ ပိုက်ဆံမရှိတဲ့အကြောင်း စိတ်လည်း မဝင်စားတဲ့ အကြောင်းကို ယဉ်ကျေးစွာ ငြင်းပါတယ်။

"အခုကျွန်တော် စိတ်ဓါတ်အရမ်းကျနေတယ်။ဆရာဝန်က ဒီမီးရောင်အောက်မှာနေတာပဲ ကောင်းလိမ့်မယ်လို့ ပြောတယ်"။ ဘားနောက်က နီယွန်မီးလုံးကို လက်ညှိုးနဲ့ညွှန်ရင်း ပြောပါတယ်။ "ကျွန်တော့် သူငယ်ချင်း အများစုဟာ မကြာခင်ကပဲ အရက်ကြောင့် သေသွားကြတယ်။ သူတို့ဆုံးသွားတာ လူတွေ ဘာမှ မဖြစ်ကြဘူးနဲ့တူတယ်။ ဒီတစ်ခေါက်တော့ ကျွန်တော့်အလှည့်ပဲလို့ ခံစားရတယ်။ ကျွန်တော့်အလှည့်မှာလည်း အဲလိုဖြစ်မှာကို အရမ်းကြောက်တယ်။ တစ်ယောက်ယောက်ကများ တကယ်ဂရုစိုက်ပါ့မလား?"

သူ့ပြဿနာတွေကို ခရေစေ့တွင်းကျ ကျွန်မကို ရှင်းပြပါတော့တယ်။ သူအရက်အလွန်အကျွံသောက်တဲ့အကြောင်း၊ ခပ်ပြင်းပြင်းအရက် တစ်ပုလင်း အရင်မသောက်ရင် ညအိပ်မပျော်တဲ့အကြောင်း၊ များပြားလှတဲ့ သူ့အကြွေးတွေအကြောင်း၊ အဆိုးဆုံးဖြစ်တဲ့ သူစိတ်ဓါတ်ကျတဲ့အကြောင်းတွေ အကုန်ပေါ့။ ခရစ်တော်ကို ယုံရဲ့လားလို့ မေးတော့ သူက "သိပ်မသေချာဘူးဗျ" လို့ပဲဖြေတယ်။

ကိုယ်တော် ဒီပျောက်ဆုံး အားငယ်နေတဲ့ ဝိညာဉ်ကို တို့ထိဖို့ ကျွန်မကို သုံးပါလို့ တိတ်တိတ်လေး ဆုတောင်းလိုက်မိတယ်။ ပြီးတော့ တီနို့ကို သခင်ယေရှုက သူ့ဘဝကို ဘယ်လို ပေါ့ပါးသွားစေနိုင်တယ်ဆို တဲ့အကြောင်း ပြောပြပါတယ်။ "သူဟာ ရှင့် ပြဿနာအားလုံးရဲ့အဖြေပါပဲ"လို့ ကျွန်မ ပြောပါတယ်။ "ကျမ်းစာကပြောတယ်၊ ဘယ်ပြဿနာနဲ့ မဆို တွေ့တဲ့အခါ သူဟာ တကယ့်ကို ကူညီနိုင်တဲ့အရှင်ဖြစ်တယ်တဲ့" ကျွန်မတို့ ဆွေးနွေးတာ တစ်နာရီကျော်ကြာသွားတယ်။ ယေရှုရဲ့ ချစ်ခြင်း မေတ္တာနဲ့ သူပေးတဲ့ ငြိမ်းချမ်းသာယာမှုကို မသိသေးရှာတဲ့ ဒီလူ့ရဲ့ နေရာမှာ ကျွန်မဝင်ကြည့်တော့ ရင်ထဲမှာ နာကျင်လာပြီး မျက်ရည်စို့လာပါတယ်။

"ခင်ဗျား တွေ့တဲ့လူတိုင်းကို ဒီအကြောင်းတွေ ပြောသလား" သူ ဖြတ်မေးပါတယ်။

"မပြောပါဘူး။ ဒါပေမယ့် လူတစ်ယောက်နဲ့လေးလေးနက်နက် စကားပြောတိုင်း ကျွန်မ ဆုတောင်းပါတယ်။ ကျွန်မပါးစပ်က ထွက်လာတဲ့ စကားလုံးတိုင်းဟာ ယေရှုရဲ့ စကားလုံးတွေဖြစ်ဖို့၊ အဲဒီလူကို သူပြောချင်တဲ့စကားလုံးတွေဖြစ်ဖို့ဆုတောင်းပါတယ်။"

အခုတော့ တီနို့မျက်လုံးထဲမှာလည်း မျက်ရည်တွေ ဝေ့တက်လာပါပြီ။ ယေရှုက သူ့နှလုံးသားကို စကားပြောနေပြီး သူ့ရဲ့ မဲမှောင်နေတဲ့ အသက်တာထဲကို မျှော်လင့်ချက် ရောင်ခြည်တွေ ဖွင့်ပေးနေပြီဆိုတာ ကျွန်မသိလိုက်တယ်။

သခင်ယေရှုက ဆုတောင်းချက်တွေကို ဘယ်လို အဖြေပေးကြောင်း၊ မကြာမီက ကျွန်မခြေထောက်အနာကို ဘယ်လိုပျောက်စေတဲ့အကြောင်းအပါအဝင် ကျွန်မအတွက် လုပ်ခဲ့တဲ့ အံ့သြစရာနိမိတ်လက္ခဏာတွေအကြောင်းကိုလည်း ဆက်ပြောပါတယ်။

မတော်တဆ ထိခိုက်မိလို့ ကျွန်မခြေထောက်မှာ မချိမဆန့် ဝေဒနာခံစားနေခဲ့ရပါတယ်။ ဒါပေမယ့် နှစ်ရက် အတွင်း အိတ်တွေအများကြီးနဲ့ ဖင်လန်ကိုသွားဖို့ ရထားစီးရအုံးမယ်။အဲဒီတုန်းက ကျွန်မ ဖိနပ်တောင် မစီးနိုင်ခဲ့ဘူး။ကျွန်မရဲ့ခြေထောက်ဝေဒနာကို ပျောက်ကင်းစေဖို့ ဘုရားရှင်ဆီမှာ ဝမ်းနည်းစွာ ဆုတောင်းခဲ့တယ်။ မိနစ်ပိုင်း အတွင်းမှာပဲ ပုံမှန်နီးပါး လမ်းပြန်လျှောက်နိုင်ခဲ့ပါတယ်။နောက်တော့ဖိနပ်တောင် ပြန်စီးလာနိုင်တယ်။ စီစဉ်ထားတဲ့အတိုင်းပဲ ဖင်လန်ကို သွားနိုင်ခဲ့ပြီး အခု ကျွန်မ ဒီမှာ ရောက်နေပါပြီ။

တီနိုက ကျွန်မ သတိမထားမိခဲ့တဲ့ သူ့ရဲ့လက်ကို ပြတယ်။ သူ့လက်ဟာ ခြောက်နေပြီး ငါးကြေးခွံလို ပြောင်လက် နေပါတယ်။နေ့တိုင်းကိုင်နေတဲ့ အကြွေစေ့တွေနဲ့ ဓာတ်မတည့်လို့ဖြစ်တာလို့သူက ရှင်းပြတယ်။ သူ့ရဲ့လက်ကို ကိုင်ပြီးတော့ သူ့အနာကို ပျောက်ကင်းစေဖို့၊ ဘဏ်ချေးငွေရပြီး သူ့ရဲ့ ဘားဆိုင် မဆုံးရှုံးစေဖို့၊ ပြီးတော့ ကိုယ်တော့်ကို သူယုံကြည်လက်ခံလာဖို့ ကျွန်မဆု တောင်းပေးပါတယ်။ ဆုတောင်းပြီးလို့ မျက်စိ ဖွင့်-ကြည့်လိုက်တော့ တီနို မျက်ရည်ကျနေပြီး အတော်ကြာတဲ့အထိ စကားမပြောနိုင်ပါဘူး။ သူ့ရဲ့ တုန်ရီနေတဲ့လက်နဲ့ လိပ်စာကို ရေးပေးပါတယ်။ ကျွန်မက သူ့ကို တွန်းအား မဂ္ဂဇင်းတချို့ပေးလိုက်တယ်။ သူ့အသက်တာကို တို့ထိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မ ပြန်ခါနီးမှာ ကျွန်မကို ပွေ့ဖက်ဖို့ ပြောပါတယ်။ တစ်နာရီခွဲဆိုတဲ့အချိန်ကို အလဟသ မဖြုန်းခဲ့ဘူးဆိုတာကို ကျွန်မ သိပါတယ်။

နောက်နှစ်နှစ်ကြတော့ ဖင်လန်ကို ကျွန်မ တစ်ခေါက်ပြန်သွားပါတယ်။ တီနို့ဆီကိုလည်း ဝင်ဖြစ်တာပေါ့။ ကျွန်မတို့ မျှော်လင့်မထားတဲ့ပုံစံနဲ့ ဘုရားရှင်ဟာ အံ့သြဖွယ်အလုပ်လုပ်ပါတယ်။ တီနို့ရဲ့ဘားဆိုင်လေး ဆုံးသွားပါတယ်။ အခြားတစ်ယောက်ရဲ့ဆိုင်မှာ စားပွဲထိုး ဝင်လုပ် နေပါတယ်။"ဖြစ်သမျှအကောင်းချည်းပဲ"လို့ပြောပါတယ်။ သူစိတ်ရင်းအမှန်နဲ့ပြောတယ်ဆိုတာရှင်းနေပါတယ်။သူဟာ လူသစ်တစ်ယောက်လို လန်းဆန်းနေပြီး စကားတွေ ဖောင်ဖွဲ့-ပြီး ပြောနေပါတယ်။ "အခုတော့ ကျွန်တော့်မှာ ပူပန်စရာနည်းနည်းပဲကျန်ပြီး ဘဝမှာ ပျော်ပျော်နေဖို့နဲ့ မိသားစုနဲ့နေဖို့အချိန်က ပိုများလာပါပြီဗျာ" လို့ပြောတော့ အားလုံးက ပြုံးနေကြပါတယ်။ သူ့-လက်ကလည်း လုံးဝပျောက်တာမဟုတ်သေးဘူး။ အကွက် လေးတွေ တချို့တော့ ကျန်နေသေးတယ်။ ဒါပေမယ့် သူ့ဝိညာဉ် ကတော့ လုံးဝ ကျန်းမာသွားပါပြီ။ ဒါဟာ သူအလိုအပ်ဆုံးအရာပါ။ လွန်ခဲ့တဲ့ (၂) နှစ်က ကျွန်မတွေ့ခဲ့တဲ့ စိတ်ဓါတ်ကျပြီး သုန်မှုန်နေတဲ့ လူမဟုတ်တော့ဘူး။ ကျွန်မရဲ့ သေးငယ်လှတဲ့မေတ္တာနဲ့ ဘုရားရဲ့ ကြီးမားတဲ့ မေတ္တာက သူ့ဘဝကို ပြောင်းလဲပစ်လိုက်ပါပြီ။

## တစ်နေ့တာအတွက် ဆုတောင်း

By Angelina Leigh

ကိုယ်တော် ကျွန်တော်/ကျွန်မကိုအသုံးပြုနိုင်လို့ ကျေးဇူးတင်ပါတယ်။ လူအများကြီးက ကိုယ်တော့်မေတ္တာလိုအပ်ကြောင်း မသိဘဲ ကိုယ်တော်ရှိနေခြင်းကိုပင် လက်မခံချင်ကြပေမယ့် ကိုယ်တော်ကတော့ ကျွန်တော်/ကျွန်မကို အမှောင်ထုထဲကနေ ဆွဲထုတ်ပြီး ကိုယ်တော့်မေတ္တာကို ကောင်းကောင်းသိစေခဲ့ရုံမက၊ အဲဒီမေတ္တာကို ကိုယ်တော့်ကို လိုအပ်တဲ့ တခြားသူတွေကို ဝေမျှဖို့လည်း အခွင့်ပေးခဲ့ပါတယ်။ ကိုယ်တော့်မေတ္တာကို တစ်ယောက်ထဲ ဝှက်ထားလိုတဲ့ အတ္တစိတ်ကို ဖယ်ရှားပေးပြီး ကိုယ်တော်က အခမဲ့ပေးခဲ့သလို ကျွန်တော်/ကျွန်မကလည်း သူတစ်ပါးကို အခမဲ့ ဝေမျှတတ်အောင် သွန်သင်တော်မူပါ။ အာမင်